MYANMAR MEITI Extractive Industries Transparency Initiative

**၂၀၁၇ ဒီဇင်ဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ MEITI ညှိနှိုင်းရေးမှူးရုံးတွင် ကျင်းပပြုလုပ်သည့် လုပ်ငန်းစဉ် နှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းခွဲကော်မတီ အစည်းအဝေး အစီရင်ခံစာ**

**၁။ ရည်ရွယ်ချက်**

မြန်မာနိုင်ငံသယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများပွင့်လင်းမြင်သာ သာမှု ဖော်ဆောင်ရေး (MEITI) ၏ ဒုတိယအကြိမ် နှင့် တတိယအကြိမ် (၂) နှစ်စာ အစီရင်ခံစာရေးသား တင်သွင်းရာတွင် ချိတ်ဆက်ဆောင်ရွက်နေသည့် ညှိနှိုင်းဖော်ဆောင်ရေးမှူးရုံး (NCS) ၏ လုပ်ငန်းဆောင်ရွက်ချက်များ လွယ်ကူချောမွေ့စေရန် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု လက်စွဲ (Implementation Manual) အား အချောသတ်ပြင်ဆင်နိုင်ရန်၊ လုပ်ငန်းဖော်ဆောင်မှုအစီအစဉ် (Work plan) ပါအချက်များ ဆက်လက်ဆောင်ရွက်နိုင်ရန် နှင့် MOPF နှင့် RI (NCS) တို့အကြား ပြင်ဆင်ချုပ်ဆိုမည့် နားလည်မှု စာချွန်လွှာ (MoU) နှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေ အား ဆွေးနွေးရန်တို့အတွက် လုပ်ငန်းစဉ် နှင့် စီမံအုပ်ချုပ်ရေး လုပ်ငန်းခွဲကော်မတီ ကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

လုပ်ငန်းခွဲကော်မတီ အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

**၂။ အစည်းအဝေးတက်ရောက်သူများ**

နည်းပညာ နှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီ ၏ အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင် (၄) ဦး၊ alternate (၂) ဦး၊ World Bank မှ ကိုယ်စားလှယ် (၂) ဦး၊ MOBD အဖွဲ့မှ (၄) ဦး၊ NRGI မှ ကိုယ်စားလှယ် တစ်ဦး နှင့် NCS မှ ကိုယ်စားလှယ် (၅) ဦးဖြင့် စုစုပေါင်း (၁၈) ဦးတက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး တက်ရောက်သူစာရင်းအသေးစိတ်ကို နောက်ဆက်တွဲ (က) တွင်ဖော်ပြထားပါသည်။

**၃။ ဆွေးနွေးပွဲအစီအစဉ်**

| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | MOPF နှင့် RI (NCS) တို့အကြား ပြင်ဆင်ချုပ်ဆိုမည့် နားလည်မှု စာချွန်လွှာ (MoU) နှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေအား ဆွေးနွေးခြင်း |
| ၂။ | လုပ်ငန်းဖော်ဆောင်မှုအစီအစဉ် (Work plan) ပါအချက်များ ဆက်လက်ဆောင်ရွက်ရန်ဆွေးနွေးခြင်း |
| ၃။ | Independent Administrator ၏ Main Report အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း |
| ၄။ | လုပ်ငန်းဖော်ဆောင်မှုအစီအစဉ် (Work plan) ပါအချက်များ ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးခြင်း |
| ၅။ | အထွေထွေဆွေးနွေးချက်များ |

**၄။ ဆွေးနွေးချက်များ**

**(က) MOPF နှင့် RI (NCS) တို့အကြား ပြင်ဆင်ချုပ်ဆိုမည့် နားလည်မှု စာချွန်လွှာ (MoU) နှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေအား ဆွေးနွေးခြင်း**

DRAFT

ပထမဦးစွာ ဒေါ်ဇင်မာမြိုင် (Program Manager) မှ MOPF နှင့် RI (NCS) တို့အကြား ပြင်ဆင်ချုပ်ဆိုမည့် နားလည်မှု စာချွန်လွှာ (MoU) နှင့်ပတ်သက်၍ နောက်ဆုံး အခြေအနေအား ရှင်းလင်းတင်ပြရာတွင် work plan နှင့် Itemized cost estimate (ICE) အရ လုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်ငွေထုတ်ယူထားသည့်များအတွက် လေးလလျှင် financial report နှင့် သက်ဆိုင်ရာ receipts များကို ရှင်းလင်းရန်လိုအပ်ကြောင်း နှင့် ဝန်ထမ်းများမှ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ကြိုတင်ထုတ်ယူထားသည့် ပိုက်ဆံများကို လုပ်ငန်းဆောင်ရွက်ပြီး ရက် (၃၀) အတွင်း ပြန်လည် စာရင်းရန်၊ NCS ရုံးကို ရန်ကုန် နှင့် နေပြ ည်တော် (၂) ခုလုံးတွင် ဖွင့်လှစ်ရန်၊ NCS ဝန်ထမ်းများ၏ နာမည်ဖြင့် ဖော်ပြထားခြင်းကို ရာထူးဖြင့်သာဖော်ပြရန် သဘောတူညီခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**(ခ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု လက်စွဲ (Implementation Manual) အား အချောသတ်ပြင်ဆင်ခြင်းအတွက် ဆွေးနွေးခြင်း**

ယင်းနောက် ဒေါ် ဇင်မာမြိုင်မှ Implementation Manual နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် MSG အစည်းအဝေးများကို ရန်ကုန် (သို့) နေပြည်တော်တွင်းကျင်းပရန်ဖြစ်ပြီး MSG နှင့် Sub-committee အစည်းအဝေးများ၏ ဘဏ္ဍာရေးဆိုင်ရာ လမ်းညွှန်ချက်များအရ နေပြည်တော်တွင် ကျင်းပပါက lowest cost option နေရာကို ရွေးချယ်ရမည်ဟုပါသည့်အတွက် ဈေးသက်သာသည့် ဟိုတယ်ကို မရရှိပါက အစည်းအဝေးနေရာ အခက်အခဲဖြစ်နိုင်ကြောင်း၊ ယခင်အစည်းအဝေးတွင်လည်း world bank မှ no objection letter ကိုတောင်းရကြောင်း တင်ပြခဲ့ပါသည်။

Ms. Shona မှ ဆွေးနွေးရာတွင် နေပြည်တော်တွင် အစည်းအဝေးကျင်းပပါက တစ်ယောက်လျှင် ၂၅၀၀၀ သည်အလွန်ဆုံးဖြစ်ပြီး ပိုတောင်းခံရန် မဖြစ်နိုင်ကြောင်း နှင့် ကော်မတီအဖွဲ့ဝင်များမှ ဆွေးနွေးရာတွင် MSG အစည်းအဝေးသည် နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး ကုန်ကျစရိတ်သည် တစ်ဦးလျှင် ၂၅၀၀၀ ထက်ပိုကျပါက အပြင်အလှူရှင်ကို ရှာမည်ဖြစ်ကြောင်း နှင့် ဖြစ်နိုင်လျှင် ရန်ကုန်တွင်သာကျင်းပမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် EITI အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်တွင် ပါဝင်နေသည့် resource persons များအတွက်လည်း အခြားသော ကိုယ်စားလှယ်များနည်းတူ သွားလာကုန်ကျစရိတ်များ နှင့် DSA ပေးသင့်ကြောင်း တင်ပြခဲ့ပြီး ကော်မတီအဖွဲ့ဝင်များမှ MOBD မှ ဝန်ထမ်းများအတွက်လည်း petty cash များကြိုတင် ထုတ်ယူခွင့်ပြုရန် နှင့် ယင်းကုန်ကျစရိတ်တို့ကို ၁၅ ရက်နေ့တွင် ပြန်လည် ရှင်းလင်းရန် သဘောတူညီခဲ့ကြပါသည်။

**(ဂ) Independent Administrator ၏ Main Report အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

ဒေါ်ဇင်မာမြိုင်မှ IA main report နှင့် စပ်လျဉ်း၍ အခြေအနေများကို working committee သို့တင်ပြပြီးကြောင်း၊ အစီရင်ခံစာထွက်ရှိမည့်အချိန်သည် ယခင်က ဇန်နဝါရီလ (၁၀) ရက်နေ့တွင်မှန်းထားသော်လည်း (၁၀) ရက်ခန့်နောက်ကျနိုင်ကြောင်း၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင်သာ ထွက်ရှိနိုင်ကြောင်း၊ International Secretariat မှ Pre-validation workshop ကို draft report ထွက်ပြီးလျှင် ကျင်းပသင့်သည်ဟုပြောကြောင်း၊ Initial assessment ကိုဆောင်ရွက်မည်ဖြစ်ပြီး သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ နှင့် အကျိုးဆက်စပ်ပတ်သက်သူများနှင့် ဆွေးနွေး၍ initial assessment report ထွက်ရှိမည်ဖြစ်ကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ validation procedures ကို MSGs အစည်းအဝေးတွင် ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ နှင့် သတ္တုကဏ္ဍတို့မှ ကုမ္ပဏီများတော်တော်များများ၏ soft copies and hard copies များကို လက်ခံရရှိထားကြောင်း၊

Myanmar Economic Corporation (MEC) မှလည်း ကျောက်မျက်၊ ကျောက်စိမ်းကဏ္ဍ နှင့် သတ္တုကဏ္ဍတို့အတွက် reporting templates များကို ဖြည့်ဆည်းပေးပြီးဖြစ်သည့်အတွက် IA အဖွဲ့သို့ ပေးပို့ပြီးကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ဦးဝင်းတင်မှ Audited reports နှင့်စပ်လျဉ်း၍ EITI အစီရင်ခံစာမှ ဒေတာများသည် cash basic ဖြင့်သွားပြီး Audit report ထဲတွင် commercial basic ဖြင့်သွားသည့်အတွက် နှိုင်းယှဉ်ရန် ခက်ခဲကြောင်း၊ Audit report ထဲတွင် ကုမ္ပဏီများ၏ confidential data များပါဝင်သည့်အတွက် ပေးရန်မသင့်လျော်သည့်အတွက် သက်ဆိုင်ရာနစ်များအတွက် international accounting standards ဖြင့် audit စစ်ထားပြီး ဆိုသည့် auditor apprve ကို ပေးပို့လျှင် လက်ခံသင့်ကြောင်းကို IA အဖွဲ့သို့ စာပို့ထားကြောင်း၊ IA အဖွဲ့မှ ယခုအချိန်ထိ အကြောင်းပြန်စာမရသေးကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် လက်ခံသည်ဟု ထင်မြင်မိကြောင်း ဆွေးနွေးခဲ့ပါသည်။ ဒေါ်ဇင်မာ[ မိုင်မှ ယင်းကိစ္စကို IA အဖွဲ့သို့ မေးမြန်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများအနေဖြင့်လည်း audit report တစ်အုပ်လုံးကိုမပေးနိုင်ကြောင်း၊ audit စစ်ထားပါသည်ဆိုသည့် approve ပါသည့် cover sheet ကိုသာပေးနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ ကုမ္ပဏီများအနေဖြင့်အချို့ကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် အခြေစိုက်မဟုတ်ကြောင်း၊ ယင်းကုမ္ပဏီများသည် လုပ်ငန်းဆောင်ရွက်သည့်အဆင့်တွင်မရောက် သေးသည့်အတွက် မည်သည့်ဒေတာအချက်အလက်များမှ မထည့်ပေးနိုင်ကြောင်း၊ ယင်းကိုလည်း IA အဖွဲ့သို့ အကြောင်းကြားပြီးကြောင်း၊ IA အဖွဲ့အနေဖြင့်လည်း ယင်းကုမ္ပဏီများသည် scoping ဖြတ်သည့်အဆင့်တွင်ပါဝင်ပြီး reconciliation phase ကိုရောက်ရှိနေပြီဖြစ်သည့်အတွက် ဒေတာများဖြည့်ပေးရန်လိုအပ်ကြောင်း၊ Identification sheet တွင်ဖြည့်ပေးလျှင်အဆင်ပြေသည်ဟု ပြောကြောင်း ရှင်းလင်းခဲ့ပါသည်။ ထို့နောက် ဒေါ်ဇင်မာမြိုင်မှ ယင်းကုမ္ပဏီများအနေဖြင့် ဖြည့်မပေးလျှင် Recommendations တွင်ပါဝင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအခြေစိုက်မဟုတ်သည့်အတွက် ဆက်သွယ်ရ ခက်ခဲကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအတွက်လည်း မကောင်းကြောင်း၊ IA အဖွဲ့အနေဖြင့်လည်း ယင်းကိစ္စနှင့်စပ်လျဉ်း၍ MSG ၏ ဆုံးဖြတ်ချက်ကိုသာ လက်ခံမည်ဖြစ်ကြောင်း ရှင်းလင်းခဲ့ပါသည်။

ယင်းနောက် ဦးဝင်းတင်မှ Moore Stephens အဖွဲ့အနေဖြင့် အခြားကုမ္ပဏီတစ်ခုမှ ဒေတာများကို ၎င်းတို့အဖွဲ့သို့ ပေးပို့ထားကြောင်း နှင့် ယင်းဒေတာများသည် အရေးကြီးသည့်အတွက် ထိုသို့မဖြစ်သင့်ကြောင်း နှင့် တရားစွဲဆိုနိုင်ကြောင်း ပြောကြားခဲ့ပြီး sub-committee အဖွဲ့ဝင်များမှ Moore Stephens အဖွဲ့အနေဖြင့် ကုမ္ပဏီများ၏ ဒေတာများကို စနစ်တကျသိမ်းဆည်းသင့်ပြီး မှားယွင်းစွာပေးပို့မှုမျိုးကို မပြုလုပ်သင့်ကြောင်း၊ ၎င်းတို့၏ ToRs ထဲတွင်လည်း ပါဝင်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ဒေါ်ဇင်မာမြိုင်မှ ယင်းကိစ္စ နှင့် စပ်လျဉ်း၍ Moore Stephens အဖွဲ့သို့ အကြောင်းကြားပြီး ထိုသို့နောက်ထပ်မဖြစ်ရန် ပြောကြားထားကြောင်း၊ IA အဖွဲ့မှလည်း ယင်းကိစ္စမျိုး နောက်ထပ်မဖြစ်အောင် သေချာစေမည်ဟု ဖြေကြားထားကြောင်း ရှင်းလင်းခဲ့ပါသည်။

ထို့နောက် ဒေါ်ဇင်မာမြိုင်မှ validation Guide နှင့် စပ်လျဉ်း၍ လိုင်ဘေးရီးယားမှ EITI expert မှ ၎င်းတို့နိုင်ငံ၏ အတွေ့အကြုံများကို မျှဝေသွားကြောင်း၊ ယင်းထဲမှအရေးကြီးသည့် အချက်အနေဖြင့် Assessment card တွင်ပါဝင်သည့် အချက်များကို overall ခြုံကြည့်မည်ဖြစ်ကြောင်း၊ အချက်တစ်ချက်တွင် fail ဖြစ်ပါက overall fail ဖြစ်မည်ဖြစ်ကြောင်း၊ ယင်းအချက်များထဲတွင် စတားပြထားသည့် အချက် (၆) ချက်သည် အဓိကဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

DRAFT

ယင်းနောက် ဦးဝင်းတင်မှ ယင်းအချက်များအတွက် မည်သည့် criteria ဖြင့် no, inadequate, meaningful, satisfactory နှင့် beyond တို့ကို သတ်မှတ်ထားသလဲ၊ ယင်းတို့အတွက် checklist ပြင်ဆင်ထားလို့ရမလား ဆွေးနွေးမေးမြန်းခဲ့ပါသည်။ အခြားနိုင်ငံများ၏ ရလဒ်များကို ဥပမာယူ၍ check ကမ္ဘာ့ဘဏ်မှ ဒေါ်တင်ဇာထွန်းမှ ယင်းအချက်များသည် self-assessment အတွက် ဖြစ်ပြီး validation ဆောင်ရွက်ရာတွင် စာရွက်စာတမ်းများကို ကြည့်ရှုခြင်း၊ International Secretariat မှ ငှားရမ်းထား သည့် validator မှ သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့အပြင် အကျိုးဆက်စပ်ပတ်သက်သူများနှင့် consultation ဆောင်ရွက်ခြင်းတို့ပြုလုပ်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် pre-validation workshop ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဆောင်ရွက်မည် ဖြစ်ပြီး ထိုအလုပ်ရုံဆွေးနွေးပွဲပြီးပါက self-assessment ပြုလုပ်လျှင် အဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(ဃ) လုပ်ငန်းဖော်ဆောင်မှုအစီအစဉ် (Work plan) ပါအချက်များ ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးခြင်း**

ထို့နောက် ဒေါ်ဇင်မာမြိုင်မှ Work plan နှင့်စပ်လျဉ်း၍ တင်ပြရာတွင် Implementatin agencies နှင့် responsible persons ကို ဘယ်လိုသတ်မှတ်မလဲ ပြောကြားရာ အကောင်အထည်ဖော်နေသည့် Sub-committee (MSGs) or implementing agencies (Responsible persons) ဟု ထည့်သွင်း ဖေ ဖော်ပြရန် ဆွေးနွေးခဲ့ကြပါသည်။ MSG ToR အရ အဖွဲ့ဝင်သည် (၃) ကြိမ် ဆက်တိုက်မတက်ရောက်ပါက အဖွဲ့ဝင်မမြောက်တော့ကြောင်း နှင့် ယင်းကိုလက်ခံမည်လား ဆွေးနွေးဆုံးဖြတ်ပေးရန် ပြောကြားခဲ့ပါသည်။

အရပ်ဘက်အဖွဲ့အစည်းကော်မတီ အဖွဲ့ဝင်မှ ၎င်းတို့အနေဖြင့် နောက်ဆုံး MSG ToR ကို ယခုအချိန်အထိမရသေးကြောင်းပြောကြားခဲ့ပြီး ကော်မတီအဖွဲ့ဝင်များမှ MSGs အဖွဲ့ဝင်များ (အစိုးရကဏ္ဍ နှင့် ပုဂ္ဂလိကကဏ္ဍတို့အနေဖြင့်) ကိုယ်စားပြုမှုလျော့နည်းလာကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ယင်းနောက် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ဝင်များအား MSG ToR (final) အားပြန်လည်ဖြန့်ဝေပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**(င) အထွေထွေဆွေးနွေးခြင်း**

ယင်းနောက် ဆရာဦးဆန်းဝင်းမှ ဒီဇင်ဘာလ (၁) ရက်နေ့ working committee တွင် SNU ကိစ္စ နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်မှာ သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ် ဝန်ကြီးချုပ်များအား စာပို့ရာတွင် သမ္မတရုံးမှ ပေးပို့သည်ထက် MOPF ဝန်ကြီးမှ လက်မှတ်ရေးထိုး၍ ပေးပို့ရန် ဆွေးနွေးခဲ့ကြကြောင်း၊ SNU ဖွဲ့စည်းရန် သမ္မတရုံးမှ ခွင့်ပြုမိန့်ရရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဒေါ်မိုးမိုးထွန်းမှ ဝင်ရောက်ဆွေးနွေးအကြံပြုသည်မှာ နိုင်ငံရေးအခြေအနေအရ ရခိုင်ပြည်နယ်ကို မဆောင်ရွက်သင့်သေးကြောင်းနှင့် ယခင်ကရွေးချယ်ထားသည့် တိုင်းနှင့် ပြည်နယ်များ အတိုင်း ဆက်လက်ဆောင်ရွက်ပြီး ကချင်ပြည်နယ် အတွက် သီးသန့်အဆိုပြုသင့်ကြောင့် ဆွေးနွေးခဲ့ပါသည်။

၎င်းနောက် Communication and outreach sub-committee အစည်းအဝေးကို MSG အစည်းအဝေးမတိုင်မီ၊ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။

ယင်းနောက် ဦးထွန်းပေါ်ဦးမှ IA Forestry ၏ draft report သည် ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် MSGs သို့ ပေးပို့ပြီး review လုပ်ရန် အချိန် (၂) ပတ်ရကြောင်း နှင့် ယင်း feedbacks/coments တို့ကို

ပြန်လည်ဆွေးနွေးရန်အတွက် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီကို ကျင်းပမည့်နေ့ကို ဆွေးနွေးပေးရန် ပြောကြားခဲ့ ပါသည်။ ထို့နောက် ကော်မတီအဖွဲ့ဝင်များမှ Technical and Reporting sub-committee ကို ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပါသည်။

**၄။ ဆွေးနွေးပွဲဆုံးဖြတ်ချက်များ**

| စဉ် | ဆုံးဖြတ်ချက်များ | တာဝန်ယူမည့်ပုဂ္ဂိုလ် | မှတ်ချက် |
|---|---|---|---|
| ၁။ | NCS မှ ပြင်ဆင်ရေးဆွဲထားသည့် လုပ်ငန်းအကောင်အထည်ဖော်မှု လက်စွဲ (Implementation Manual) ကို workplan & governance sub-committee အဖွဲ့ဝင်များနှင့် ကမ္ဘာ့ဘဏ်သို့ ပေးပို့ရန် | NCS | |
| ၂။ | work-plan ကို template ထဲထည့်သွင်း၍ workplan & governance sub-committee အဖွဲ့ဝင်များသို့ ပေးပို့ရန် | NCS | |
| ၃။ | ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) မှ reporting templates တွင် ဖြည့်သွင်းပေးရန်အတွက် အခက်အခဲဖြစ်နေသည့် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် အခြေအနေများအတွက် Recommendatin letter ပြင်ဆင်၍ NCS ရုံးသို့ပေးပို့ရန် | MOGE | 11 December 2017 |
| ၄။ | NCS ရုံးမှ MOGE မှပေးပို့လာသည့် Recommendation letter ကို (၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး တွင် တင်ပြဆွေးနွေး၍ MSG ဆုံးဖြတ်ချက်ကို IA အဖွဲ့သို့တင်ပြရန် | NCS | (၉) ကြိမ်မြောက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး |
| ၅။ | ကျောက်မျက် နှင့် ကျောက်စိမ်းကဏ္ဍ၊ သတ္တုကဏ္ဍ နှင့် ရေနံ နှင့် သဘာဝဓါတ်ငွေ့ကဏ္ဍဆိုင်ရာ ကုမ္ပဏီများမှ Audited financial statement ပေးပို့ရန် ကျန်ရှိနေသေးသည့် ကုမ္ပဏီများအနေဖြင့် Audited certified ပါသည့် report cover သာပေးပို့ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် စာထွက်ရှိပေးရန်။ | MOGE, DOM & MGE | |
| ၆။ | သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ကုမ္ပဏီများအား စာထွက်ရှိပေးနိုင်ရန် အတွက် NCS မှ ပေးပို့ရန် ကျန်ရှိနေသေးသည့် ကုမ္ပဏီများ၏ updated information ကို ယင်းဝန်ကြီးဌာနများသို့ စာထွက်ရှိပေးရန်။ | NCS | |
| ၇။ | ဦးဝင်းတင်မှ IA အဖွဲ့သို့ မေးမြန်းထားသည့် Audited report နှင့် စပ်လျဉ်းသည့်မေးခွန်း နှင့် စပ်လျဉ်း၍ ပြန်ကြားချက်ရရှိအောင် NCS ရုံးမှ ချိတ်ဆက်ဆောင်ရွက်ပေးရန် | NCS | |
| ၈။ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် communication and outreach sub-committee အစည်းအဝေးကို ကျင်းပရန် | NCS, Communication & Outreach Sub-committee members | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် |

DRAFT

| | | | |
|---|---|---|---|
| ၉။ | ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် နည်းပညာနှင့် အစီရင်ခံစာလုပ်ငန်းခွဲကော်မတီအစည်းအဝေးကို ကျင်းပရန် | NCS, Technical & Reporting Sub-committee members | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက် |

**၅။ နောက်ဆက်တွဲ (က) အစည်းအဝေးတက်ရောက်သူများစာရင်း**

| **စဉ်** | **အမည်** | **ရာထူး** | **အဖွဲ့အစည်း** |
|---|---|---|---|
| ၁ | ဦးသန်းဌေးအောင် | EITI expert | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၂ | ဦးမျိုးနိုင် | Director | MGE |
| ၃ | ဦးဝင်းတင် | လုပ်ငန်းရှင်ကိုယ်စားလှယ် | TOTAL |
| ၄ | ဒေါ်မိုးမိုးထွန်း | MSG | MATA |
| ၅ | ဦးသက်နိုင်ဦး | Alternate | GAD |
| ၆ | ဦးထူးအောင် | Alternate | MATA |
| ၇ | ဦးစိုး | | MOBD |
| ၈ | ဦးဆန်းဝင်း | Deputy Director | MOBD |
| ၉ | ဒေါ်ခင်ပပခိုင် | Assistant Director | MOBD |
| ၁၀ | ဒေါ်သင်းသင်းအောင် | Staff Officer | MOBD |
| ၁၁ | Shona Kirkwood | Consultant | World Bank |
| ၁၂ | Tinzar Htun | National Consultant | World Bank |
| ၁၃ | ဦးအောင်ခိုင် | Deputy Natioinal Coordinator | NCS |
| ၁၄ | ဦးထွန်းပေါ်ဦး | Technical Specialist | NCS |
| ၁၅ | ဒေါ်ဇင်မာမြိုင် | Program Manager | NCS |
| ၁၆ | ဦးကျော်ညွန့်မောင် | Technical Coordinator | NCS |
| ၁၇ | ဦးပြည့်သာကျော် | IT & Outreach Officer | NCS |
| ၁၈ | ဒေါ်ခင်စောဌေး | | NRGI |

DRAFT

DRAFT